**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**ညွှန်ကြားချက်**

အကြောင်းအရာ။ **ဆေးဝါးမှတ်ပုံတင်ခြင်းကိစ္စ။**

၁။ အမျိုးသားဆေးဝါးဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ ၃/၉၃တွင် ဆေးဝါး မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီများလိုက်နာဆောင်ရွက်ရန်အချက်များ ဖော်ပြထားပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဆေးဝါးမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ A Guideline on Drug Registration application ကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ပြင်ဆင်ထုတ်ပြန်ခဲ့ ပါသည်။

၃။ သို့ပါ၍ဆေးကုမ္ပဏီများအနေဖြင့် အဆိုပါ Guideline ပါ အချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရန် အသိပေးအကြောင်းကြားပါသည်။

၄။ အဆိုပါ Guideline ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဆေးဝါးမှတ်ပုံတင်ကိစ္စ ကို လုံး၀(လုံး၀) ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

၅။ ဆေးကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်စိစစ်ခနှင့် မှတ်ပုံတင်ကြေးများကို ဌာနကထုတ်ပေးသည့် ခွင့်ပြုချက်စာရွက်များလက်ခံရရှိပြီးမှသာ ငွေပေးသွင်းခြင်း၊ ငွေလွှဲခြင်းဆောင်ရွက်ပါရန် **ထပ်မံသတိပေး** အပ်ပါသည်။ ငွေလွှဲပေးပြီး(၂)ပတ်အတွင်း ဘဏ်မှထုတ်ပေးသည့် ငွေလွှဲစာမိတ္တူကို ဌာနသို့ပြန်လည် အပ်နှံပါရန် အသိပေးအပ်ပါသည်။

စာအဝင်
အမှတ်စဉ် ..........
ရက်စွဲ 18 SEP 2014

15/9/2014

(ပါမောက္ခဒေါက်တာမြင့်ဟန်)

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ အစဆ/(ဆဝ) ၂၀၁၄/ ၅၈၆

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၁၆)ရက်။

ဖြန့်ဝေခြင်း -

၁။ ဆေးဝါးအကြံပေးကော်မတီဝင်များ။

၂။ ဥက္ကဋ္ဌ၊ ဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်များအသင်း။
(အသင်းဝင်ကုမ္ပဏီများကို ထပ်ဆင့်အသိပေး အကြောင်းကြားပေးပါရန်)